## ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၂၆- ၁၀ - ၂၀၁၂ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကရင်ပြည်နယ် အတွင်း လေမှဓာတ်အားထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကို မဟာဓာတ်အားလိုင်း (National Power Grid) သွယ်တန်းဖြန့်ဝေပေးရေး အစီအစဉ်အား (၂၀၁၃-၂၀၁၄) ဘတ်ဂျက်တွင် ထည့်သွင်းသတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဂ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီ-မင်းကင်းမြို့မလမ်းကို ဆက်လက်ဖောက်လုပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝ-ကလေး ကားလမ်းရှိ မြေသားတောင်ပြိုကျ လျှောဆင်းနေမှုအား အမြန်ဆုံး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ထားသည့် ဒိုသမိချောင်းကူးတံတားအား (၅၅) တန် အထက် ခံနိုင်ဝန်ရှိအောင် ပြုပြင်ပေးရန် (သို့မဟုတ်) အာဆီယံနိုင်ငံများမှ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မိုးညှင်းမြို့တွင်း လမ်းများ ကျဉ်းကျပ်လာသဖြင့် ပြည်ထောင်စုလမ်းမကြီးအား မြို့လယ်မှ ဖြတ်သန်းမှုမပြုစေဘဲ မြို့ကွင်းလမ်း (သို့မဟုတ်) မြို့တွင်းလမ်းကြောင်းသစ် တစ်ခု ရွေးချယ်သတ်မှတ် စီစဉ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **သာစည်-ညောင်ရမ်းလမ်းပိုင်းအချို့ ပျက်စီးယိုယွင်းနေမှုအား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ဆင်ပေါင်ဝဲမြို့နယ်၊ ဧကရာဇ်-ကျောင်းကုန်း-မောက်တင်-လေးဒူးကွဲ မြေသားလမ်းကို မော်တော်ယာဉ်များ ဆယ့်နှစ်ရာသီ သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်အဝင် ကတ္တရာလမ်းအား ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကုမ္ပဏီများ၊ အသင်းအဖွဲ့ပိုင်များ၊ ပုဂ္ဂလိကပိုင်များအဖြစ် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းကာ လယ်မြေများ ရယူဆောင်ရွက်ထားသည့် လယ်ယာမြေများတွင် သီးစားစနစ်ဖြင့် အမှန်တကယ်လုပ်ကိုင်နေရသည့် ခေါင်းပုံဖြတ်ခံလယ်သမားများ အတွက် ခံစားခွင့်၊ ပိုင်ဆိုင်ခွင့်ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဋ ) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျွန်းအတွင်း၌ရှိသော စပါးပင်များ နှစ်စဉ် ရေနစ်မြုပ် ပျက်စီးခြင်းများရှိနေပါသဖြင့် လယ်သမားများ၏ ဒုက္ခကို ကူညီဆောင်ရွက် ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဌ ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု ချောင်းချောက်သည် မိုးတွင်းကာလ၌ တောင်ပြိုပြီး ကျောက်ခဲနှင့် သဲနုံးမြေများ မျောပါလာသဖြင့် လယ်မြေများ ပျက်စီးနေခြင်းကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၆၄ ခုနှစ်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၉။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစား ရေအားလျှပ်စစ် ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။